ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မန္တလေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ
အတည်ပြုမိန့်

အတည်ပြုမိန့်အမှတ်၊ မတလ - ၀၂၄/၂၀၁၉ ၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ-၂၅(ဃ)အရ ဤအတည်ပြုမိန့်ကို ထုတ်ပေးလိုက်သည် -

(၁) ရင်းနှီးမြှုပ်နှံသူအမည် ဒေါက်တာ ကျော်ဇေယျ

(၂) နိုင်ငံသား မြန်မာ

(၃) နေရပ်လိပ်စာ အမှတ်(၃၀-ဘီ)၊ ပထမထပ်၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(၄) ပင်မအဖွဲ့အစည်းအမည်နှင့်လိပ်စာ ORACLE KZY COMPANY LIMITED, အမှတ်(၃၀-ဘီ)၊ ပထမထပ်၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(၅) ဖွဲ့စည်းရာအရပ် မြန်မာနိုင်ငံ

(၆) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား အသားခြောက်ထုတ်လုပ်ခြင်း

(၇) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ) အမှတ်(ဂျေ- ၉/၂ ၊ ဂျေ- ၉/၇) ၊ စက်မှုဇုန်(၂)လမ်း၊ မိတ္ထီလာ စက်မှုဇုန်၊ မိတ္ထီလာ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

(၈) နိုင်ငံခြားမတည်ငွေရင်း ပမာဏ -

(၉) နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ -

(၁၀) စုစုပေါင်း မတည်ငွေရင်း ပမာဏ(ကျပ်) ကျပ် ၃၈၃.၉၆ သန်း (အမေရိကန် ဒေါ်လာ ၇၂၁၅၀ အပါအဝင်)

(၁၁) တည်ဆောက်မှု/ ပြင်ဆင်မှုကာလ ၆ လ

(၁၂) အတည်ပြုမိန့်သက်တမ်း -

(၁၃) ရင်းနှီးမြှုပ်နှံမှုပုံစံ ရာခိုင်နှုန်းပြည့်မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု

(၁၄) မြန်မာနိုင်ငံတွင်ဖွဲ့စည်းမည့်ကုမ္ပဏီအမည် ORACLE KZY COMPANY LIMITED (အော်ရကယ်ကေဇက်ဝိုင်ကုမ္ပဏီလီမိတက်)

24/5/2019

(ဒေါက်တာဇော်မြင့်မောင်)

ဥက္ကဋ္ဌ

Form (5-B)

THE REPUBLIC OF THE UNION OF MYANMAR

Mandalay Region Investment Committee

ENDORSEMENT

Endorsement No. MDY- 027 /2019 Dated 24th May, 2019

This Endorsement is issued by the Mandalay Region Investment Committee according to the section 25(d) of the Myanmar Investment Law-

(1) Name of Investor DR. KYAW ZAY YA

(2) Citizenship MYANMAR

(3) Residence Address NO(30/B), FIRST FLOOR, YAW MINN KYI STREET, DAGON TOWNSHIP, YANGON REGION.

(4) Name and Address of Principle Organization ORACLE KZY COMPANY LIMITED, NO(30/B), FIRST FLOOR, YAW MINN KYI STREET, DAGON TOWNSHIP, YANGON REGION.

(5) Place of Incorporation MYANMAR

(6) Type of Business MANUFACTURING OF DRIED BUFFALO MEAT

(7) Place(s) of investment Project NO (J 9/2, J 9/7), INDUSTRIAL ZONE (2) STREET, MEIKTILA INDUSTRIAL ZONE, MEIKTILA TOWNSHIP , MANDALAY REGION.

(8) Amount of Foreign Capital -

(9) Period for Foreign Capital to be brought in -

(10) Total Amount of Capital (Kyat) KYAT 383.96 MILLION (INCLUDING US$ 72150)

(11) Construction/ Preparation Period 6 MONTHS

(12) Validity of Endorsement -

(13) Form of Investment WHOLLY MYANMAR OWNED

(14) Name of Company Incorporated in Myanmar ORACLE KZY COMPANY LIMITED

24/5/2019

(Dr. Zaw Myint Maung)

Chairman

MDY

MRIC

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မန္တလေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ
၂၆ လမ်းနှင့် ၈၄ လမ်းထောင့်၊ ဈေးချိုမြောက်ဘက်တိုက်တန်း(တတိယထပ်)၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့

Ph: ၀၂-၄၀၈၆၆၆၁၊ ၀၂-၄၀၈၆၆၆၂
Fax: ၀၂-၄၀၈၆၆၆၀

စာအမှတ်၊ ၂၂ / ၄၄ / ၀၃ (မ-၂၈) (၄၀၆ /၂၀၁၉)
ရက်စွဲ ၊ ၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်

အကြောင်းအရာ။ **Oracle KZY Co., Ltd. (အော်ရကယ်ကေဇက်ဝိုင်ကုမ္ပဏီလီမိတက်)၏ အသားခြောက်ထုတ်လုပ်ခြင်း လုပ်ငန်း အတည်ပြု လျှောက်ထားလွှာအပေါ် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ၏ ဆုံးဖြတ်ချက်**

ရည်ညွှန်းချက်။ Oracle KZY Co., Ltd. (အော်ရကယ်ကေဇက်ဝိုင်ကုမ္ပဏီလီမိတက်) ၏ ၂၀၁၉ခုနှစ်၊ မေလ ၂၄ ရက် နေ့စွဲပါစာ

၁။ Oracle KZY Co., Ltd. (အော်ရကယ်ကေဇက်ဝိုင်ကုမ္ပဏီလီမိတက်) (ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု)မှ အမှတ်(ဂျေ-၉/၂ ၊ ဂျေ-၉/၇) ၊ စက်မှုဇုန်(၂)လမ်း၊ မိတ္ထီလာစက်မှု ဇုန်၊ မိတ္ထီလာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ရှိ မြေ ၀.၄၅၈ဧက(၁၈၅၃.၄၆၁၈၈၈တုရန်းမီတာ) တွင် အသားခြောက် ထုတ်လုပ်ခြင်းလုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက် ခွင့်ပြုပါရန် အတည်ပြုလျှောက်ထားလွှာ တင်ပြခြင်းအား ၂၀၁၉ခုနှစ်၊ မေလ (၂၄)ရက်နေ့တွင် ကျင်းပပြုလုပ်သော မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၁၉)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ ခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အရ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နည်းဥပဒေများကို ကျင့်သုံးလျက် Oracle KZY Co., Ltd. (အော်ရကယ်ကေဇက်ဝိုင် ကုမ္ပဏီ လီမိတက်)အား အသားခြောက် ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အတည်ပြုမိန့် အမှတ်၊ မတလ- ၀၂၇/၂၀၁၉ ကိုထုတ်ပေး လိုက်သည်။

၂။ Oracle KZY Co., Ltd. (အော်ရကယ်ကေဇက်ဝိုင်ကုမ္ပဏီလီမိတက်) အနေဖြင့် ဤ အတည်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(က) Oracle KZY Co., Ltd.(အော်ရကယ်ကေဇက်ဝိုင် ကုမ္ပဏီလီမိတက်)အနေဖြင့် ဤ အတည်ပြုမိန့်အရ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှုဥပဒေ အခန်း(၁၈)ပုဒ်မ ၇၅၊ ၇၇၊ ၇၈ အရကင်းလွတ်ခွင့်နှင့် သက်သာခွင့် များကို ပြဋ္ဌာန်းထားသည့် အချက်များနှင့်အညီ ခံစားခွင့်ပြုနိုင်ရန် လျှောက်ထား နိုင်သည်။

ကန့်သတ်

(ခ) Oracle KZY Co., Ltd. (အော်ရကယ် ကေဇက်ဝိုင် ကုမ္ပဏီလီမိတက်)သည် ဤအတည်ပြုမိန့်အရထုတ်လုပ်မှုရည်မှန်းချက်များကို အနိမ့်ဆုံး ရည်မှန်းချက်များ အဖြစ် ထားရှိဆောင်ရွက် အကောင်အထည်ဖော်ရမည်။

(ဂ) Oracle KZY Co., Ltd. (အော်ရကယ်ကေဇက်ဝိုင်ကုမ္ပဏီ လီမိတက်)အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ၆၅ နှင့် နည်းဥပဒေ အခန်း(၂၀)တို့တွင် ပြဋ္ဌာန်းထားသည့် ရင်းနှီးမြှုပ်နှံသူ၏ တာဝန်ဝတ္တရားများနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

(ဃ) Oracle KZY Co., Ltd. (အော်ရကယ်ကေဇက်ဝိုင် ကုမ္ပဏီ လီမိတက်)သည် လုပ်ငန်းဆောင်ရွက်ရာတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ပြဋ္ဌာန်းထုတ်ပြန်ထားပြီး ဖြစ်သည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ၊ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် ဖော်ပြပါရှိ သည့် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊လုပ်ထုံးလုပ်နည်းများ၊လမ်းညွှန်ချက်များ နှင့် အညီလိုက်နာဆောင်ရွက်ရမည်။

(င) Oracle KZY Co., Ltd. (အော်ရကယ်ကေဇက်ဝိုင် ကုမ္ပဏီ လီမိတက်) သည် လုပ်ငန်းဆောင်ရွက်ရာတွင် မီးဘေးအန္တရာယ် မဖြစ်ပေါ် စေရန်အတွက် လိုအပ်သည့် မီးဘေးအန္တရာယ် ထိန်းသိမ်းကာကွယ်ရေးစနစ်များကို ဝန်ခံကတိပြုထားသည့်အတိုင်း စနစ်တကျထားရှိဆောင်ရွက်ရမည်ဖြစ်ပြီး မီးသတ်ဦးစီးဌာန၏ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများ၊ ညွှန်ကြားချက်များနှင့် အမိန့်များကိုတိကျစွာ လိုက်နာ ဆောင်ရွက် ရမည်။

(စ) Oracle KZY Co., Ltd. (အော်ရကယ်ကေဇက်ဝိုင် ကုမ္ပဏီလီမိတက်) သည် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသက်တမ်းကာလ အတွင်းအခြား ပုဂ္ဂိုလ်တစ်ဦးဦးသို့ တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာ လွှဲပြောင်းခြင်းနှင့် လုပ်ငန်း လွှဲပြောင်းခြင်း တို့ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ၊ ၇၂ နှင့် မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှုနည်းဥပဒေ ၁၉၁ အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့တင်ပြ ရမည်။

(ဆ) Oracle KZY Co., Ltd. (အော်ရကယ် ကေဇက်ဝိုင် ကုမ္ပဏီ လီမိတက်)သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၉၆ အရနှစ်စဉ် ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး နောက် သုံးလအတွင်း သတ်မှတ်ချက်ပါ အသေးစိတ် များပါရှိသည့် နှစ်စဉ်အစီရင်

ခံစာအား သတ်မှတ်ပုံစံဖြင့် ကုမ္ပဏီ၏ ဝက်(ဘ်)ဆိုဒ် (သို့မဟုတ်) ကော်မရှင်ရုံး၏ ဝက် (ဘ်) ဆိုဒ်သို့ တင်ပြရမည်။

(ဓ) Oracle KZY Co., Ltd. (အော်ရကယ်ကေဇက်ဝိုင် ကုမ္ပဏီလီမိတက်)သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၉၇ အရ လုပ်ငန်း ဆောင်ရွက်နေစဉ် အတွင်း လုပ်ငန်းအစီရင်ခံစာကိုသုံးလလျှင် တစ်ကြိမ်ကော်မရှင်က သတ်မှတ် တောင်းခံသည့် ပုံစံဖြင့် တင်ပြရမည်။

(ဈ) Oracle KZY Co., Ltd. (အော်ရကယ်ကေဇက်ဝိုင်ကုမ္ပဏီလီမိတက်)၏ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဆောင်ရွက်သည့် မြေနေရာနှင့်စပ်လျဉ်းသည့် ကိစ္စရပ် များကို ရင်းနှီးမြှုပ်နှံသူမှ တာဝန်ယူဖြေရှင်းရမည်။

(ည) Oracle KZY Co., Ltd. (အော်ရကယ် ကေဇက်ဝိုင် ကုမ္ပဏီ လီမိတက်)သည် အလုပ်သမားအချင်းချင်း၊ အလုပ်ရှင်နှင့်အလုပ်သမားတို့ အကြားပေါ်ပေါက်သည့် အငြင်းပွားမှုများအားသက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီဖြေရှင်း ဆောင်ရွက် ရမည်။

၃။ Oracle KZY Co., Ltd. (အော်ရကယ်ကေဇက်ဝိုင်ကုမ္ပဏီလီမိတက်)အနေဖြင့် မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ၆၅(ဃ)အရ သက်ဆိုင်သည့်ပြည်ထောင်စု ဝန်ကြီးဌာနများ၊ အစိုးရ ဌာနနှင့် အဖွဲ့အစည်းများမှ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရယူရန် လိုအပ်လျှင်ဖြစ်စေ၊ မှတ်ပုံတင် ရန်လိုအပ်လျှင်ဖြစ်စေသက်ဆိုင်ရာဌာနများ၏သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက် ရမည်။

၄။ Oracle KZY Co., Ltd. (အော်ရကယ်ကေဇက်ဝိုင်ကုမ္ပဏီလီမိတက်)သည် အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် လုပ်ငန်းသဘာဝအရဖြစ်စေ၊ အခြား လိုအပ်ချက် အရဖြစ်စေ သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနနှင့် အဖွဲ့အစည်း များမှ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် ရယူရန် လိုအပ်လျှင်ဖြစ်စေ၊ ပုဂ္ဂလိကသို့မဟုတ် သက်ဆိုင်ရာ ဌာနနှင့် မြေငှားရမ်းခြင်းစာချုပ် ချုပ်ဆိုသည်ဖြစ်စေ၊ မှတ်ပုံတင်ရန် လိုအပ်လျှင်ဖြစ်စေ သက်ဆိုင်ရာဌာနများ၏ သတ်မှတ်ချက်များနှင့် အညီ ဆောင်ရွက်ပြီး မိတ္တူ(၅)စုံစီအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် နှင့် မန္တလေးတိုင်း ဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီသို့ ပေးပို့ရမည်။

24/5/2019

(ဒေါက်တာဇော်မြင့်မောင်)

ဥက္ကဋ္ဌ

Oracle KZY Co., Ltd. (အော်ရကယ်ကေဇက်ဝိုင်ကုမ္ပဏီလီမိတက်)

ဖြန့်ဝေခြင်း

(၁) ပြည်ထဲရေးဝန်ကြီးဌာန။

(၂) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန။

(၃) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

(၄) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန။

(၅) စက်မှုဝန်ကြီးဌာန။

(၆) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

(၇) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန။

(၈) မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး။

(၉) မန္တလေးတိုင်းဒေသကြီးစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။

(၁၀) မန္တလေးတိုင်းဒေသကြီးလျှပ်စစ်၊စွမ်းအင်နှင့်ဆောက်လုပ်ရေးဝန်ကြီးဌာန။

(၁၁) ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန။

(၁၂) ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန။

(၁၃) ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန။

(၁၄) ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန။

(၁၅) ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန။

(၁၆) ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန။

(၁၇) ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန။

(၁၈) ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန။

(၁၉) ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။

(၂၀) မန္တလေးတိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန။

(၂၁) မန္တလေးတိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာန။

(၂၂) မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန။

(၂၃) မန္တလေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

(၂၄) မန္တလေးတိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန။

(၂၅) မန္တလေးတိုင်းဒေသကြီးအလုပ်သမားညွှန်ကြားမှုဦးစီးဌာန။

(၂၆) ရင်းနှီးမြှုပ်နှံမှုဌာနခွဲ(၂)၊ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။

(၂၇) ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲ၊ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။

(၂၈) စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ၊ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။